အမျိုးသားညီညွတ်ရေးအစိုးရ | လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန

Human Rights in Myanmar

အတွဲ ၁ အမှတ် ၃၂

၂၀ ဧပြီ ၂၀၂၃

# ပြည်သူ ရာချီသေဆုံးရသည့် ပဇီကြီးရွာ လေကြောင်းတိုက်ခိုက်ခံရသူများအတွက် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းစဉ်များ လုပ်ဆောင်နေ

**ဧပြီ ၁၆**

ကလေးသူငယ်များ အပါအဝင် ပြည်သူ ရာနှင့်ချီ သေဆုံးခဲ့ရသည့် စစ်ကိုင်းတိုင်း၊ ကန့်ဘလူမြို့နယ်၊ ပဇီကြီးကျေးရွာအား အကြမ်းဖက် စစ်ကောင်စီ လေကြောင်း တိုက်ခိုက်မှုနှင့် ပတ်သက်၍ သတင်းစာရှင်းလင်းပွဲအား ဧပြီလ ၁၆ ရက်တွင် အမျိုးသားညီညွတ်ရေးအစိုးရ – NUG က ပြုလုပ်ခဲ့သည်။

ယင်းလေကြောင်းတိုက်ခိုက်မှုအတွင်း ငါးနှစ်အောက် ကလေးခြောက်ဦး၊ ငါးနှစ်နှင့် ၁၄ နှစ်ကြား ၁၉ ဦး၊ ၁၄ နှစ်နှင့် ၁၈ နှစ်ကြား ငါးဦး၊ အသက်ခွဲခြားနိုင်ခြင်းမရှိသည့် ကလေးငယ် ၁၀ ဦးအပါအဝင် ၁၆၈ ဦး သေဆုံးခဲ့ကာ အသက်မပြည့်ကလေးငယ်များအပါအဝင် ၁၆ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ဧပြီလ ၁၁ ရက်က ပဇီကြီးကျေးရွာအား စစ်ကောင်စီမှ ဂျက်ဖိုက်တာတစ်စီး၊ Mi-35 တိုက်ခိုက်ရေးရဟတ်ယာဉ်တို့ဖြင့် တိုက်ခိုက်ခဲ့ ခြင်းဖြစ်ကာ ယင်းနေ့ ညနေပိုင်းတွင်လည်း ကယ်ဆယ်ရေးပြုလုပ်နေသည့် ပြည်သူ့ဝန်ထမ်းများအား ဂျက်ဖိုက်တာတစ်စီးဖြင့် ထပ်မံ တိုက်ခိုက်ခဲ့သေးသည်။

အစုလိုက် အပြုံလိုက် သေဆုံးခဲ့ရသည့် ပဇီကြီးရွာတိုက်ခိုက်ခံရမှုနှင့် ပတ်သက်၍ မြေပြင်၌ ယာယီကူညီကယ်ဆယ်ရေးလုပ်ငန်းအဖွဲ့၊ အရေးပေါ်တုံ့ပြန်ရေး လုပ်ငန်းအဖွဲ့များဖြင့် လိုအပ်သည့် ကူညီစောင့်ရှောက်မှုလုပ်ငန်းများအား အမျိုးသားညီညွတ်ရေး အစိုးရအဖွဲ့က လုပ်ဆောင်လျက်ရှိကာ စစ်ကောင်စီကျူးလွန်မှုကြောင့် ပြည်သူများသေဆုံးရမှု အချက်အလက်များကိုလည်း နိုင်ငံတကာအဖွဲ့အစည်းများသို့ ပေးပို့အကြောင်းကြားအရေးယူနိုင်ရေးလုပ်ငန်းစဉ်များကိုလည်း လုပ်ဆောင်လျက်ရှိသည်။

အစိုးရအဖွဲ့က ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲကိုလည်း နိုင်ငံတကာ မီသားစုဝင်များနှင့် အများပြည်သူ သိရှိနိုင်စေရန်အတွက် PVTV, Radio NUG နှင့် သတင်းမီဒီယာတို့မှလည်း တိုက်ရိုက်ထုတ်လွှင့်ခဲ့သည်။




မိဘပြည်သူများခင်ဗျာ…

မိမိကိုယ်တိုင် လူ့အခွင့်အရေး ချိုးဖောက်ခံရသည်ဖြစ်စေ၊ ကိုယ့်ပတ်ဝန်းကျင်မှာ လူ့အခွင့်အရေး ချိုးဖောက်ခံရမှုတွေ ရှိနေသည်ဖြစ်စေ ထိရောက်တဲ့ အရေးယူမှု၊ တရားမျှတမှု ဖော်ဆောင်နိုင်ဖို့ အမျိုးသား ညီညွတ်ရေးအစိုးရ – NUG ရဲ့ လူ့အခွင့်အရေးဆိုင်ရာ ဝန်ကြီးဌာန – MOHR ကို တိုင်ကြားနိုင်ပါတယ်။

တိုင်ကြားတဲ့အခါ တိကျခိုင်လုံတဲ့ သတင်းအချက်အလက်တွေ ဖြစ်ဖို့က အရေးကြီးတာကြောင့် မိဘပြည်သူတို့အနေ နဲ့ ပေးပို့တိုင်ကြားရာမှာ -

- မည်သူ/မည်သည့်အဖွဲ့အစည်းက ကျူးလွန်ပါသလဲ?
- မည်သူ/မည်သူတွေက ကျူးလွန်ခြင်းခံရပါသလဲ?
- ဘယ်နေရာမှာဖြစ်ပွားခဲ့တာလဲ?
- ဘယ်အချိန်မှာဖြစ်ပွားခဲ့ပါသလဲ?
- ဘာတွေကို ကျူးလွန်ခဲ့တာပါလဲ?
- ဘယ်လိုမျိုး ကျူးလွန်ခဲ့ပါသလဲ?

  စတဲ့ အချက်အလက်တွေ တတ်နိုင်သမျှ တိတိကျကျ ပါရှိဖို့ လိုအပ်ပါတယ်။

MOHR အနေနဲ့ ရရှိလာတဲ့ တိုင်ကြားမှုမှတ်တမ်းတွေကို စနစ်တကျ စုစည်းပြီး တရားမျှတမှု ရရှိဖို့အတွက် အစွမ်းကုန် ကြိုးစားဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ပေးပို့တိုင်ကြားရာမှာ လူ့အခွင့်အရေးဝန်ကြီးဌာန – MOHR ရဲ့ Facebook Page ၊ ဒါမှမဟုတ် email လိပ်စာ ဖြစ်တဲ့ report@mohr.nugmyanmar.org ကို ဆက်သွယ် ပေးပို့ တိုင်ကြားနိုင်ပါတယ်။

## ဧပြီလ ၁ ရက်မှ ၁၅ ရက်နေ့အတွင်း လူ့အခွင့်အရေးချိုးဖောက်ခံရမှုများကို မှတ်တမ်းတင်နိုင်မှု အခြေအနေ




ဧပြီလ ၁ရက်နေ့မှ ၁၅ရက်အတွင်း အကြမ်းဖက် စစ်တပ်သည် စစ်ကိုင်းတိုင်းဒေသကြီး၊ ဘုတလင်မြို့နယ်၊ ယုန်လေးကုန်းကျေးရွာ (သစ်)ဘုန်းကြီးကျောင်းတွင် တပ်စွဲထားပြီး Grade 11 ကျောင်းသား မောင်မင်းမြတ်နိုင်ကို ဖမ်းဆီးနှိပ်စက်သတ်ဖြတ်ကာ ယုန်လေးကုန်ကျေးရွာ(ရွာဟောင်း)အား ဝင်ရောက်မီးရှို့ရာ ပြည်သူနေအိမ်(၄၀)လုံး ပျက်စီးခဲ့ခြင်း၊ တံတားဦးလေတပ်စခန်းမှ တက်လာသည့် အကြမ်းဖက်စစ်အုပ်စု တိုက်လေယာဉ်(၁)စီးသည် ချင်းပြည်နယ်၊ ဖလမ်းမြို့နယ်၊ ဝေဘူလမြို့ စာသင်ကျောင်း အနီးသို့ ဗုံး(၂)လုံးကျဲသောကြောင့် ကလေး(၂)ဦးအပါအဝင် ဒေသခံပြည်သူ(၉)ဦးသေဆုံးခဲ့ပြီး (၄)ဦး ထိခိုက်ဒဏ်ရာရရှိကာ ပြည်သူပိုင်လူနေအိမ်(၄)လုံး မီးလောင်ပြာကျ၍ စာသင်ကျောင်းဆောင်(၂)လုံး ပျက်စီးခဲ့ခြင်း၊ အကြမ်းဖက်စစ်တပ်သည် အမှတ်(၂၈) လုံခြုံရေးရဲတပ်ဖွဲ့မှ တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ ၁၂၀မမများကို ရမ်းသမ်းပစ်ခတ်သောကြောင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင် မြို့နယ်၊ ရွှေပေကုန်းကျေးရွာမှ အသက်(၁၂)နှစ်အရွယ် မသူဇာထွန်း ပွဲချင်းပြီးသေဆုံးခဲ့ပြီး၊ ဒေါ်သိန်းညွှန့်(၇၅)နှစ်တွင် ထိခိုက်

ဒဏ်ရာများ ရရှိခဲ့ခြင်း၊ စစ်ကိုင်းတိုင်း ဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကန့်ဘလူမြို့နယ်၊ မလယ်တိုက်နယ်၊ ပဇီကြီး ကျေးရွာသို့ အကြမ်းဖက်စစ်အုပ်စုမှ လေကြောင်းတိုက်ခိုက်မှုများပြုလုပ်သောကြောင့် အရပ်သား ပြည်သူ (၁၇၁)ဦးအထိ သေဆုံးခဲ့ပြီး (၈၀)ခန့် ထိခိုက်ဒဏ်ရာရရှိခဲ့ကာ ကျေးရွာအတွင်းနေအိမ်ထိခိုက်ခဲ့ခြင်း အပါအဝင် တစ်နိုင်ငံလုံးတွင် ဥပဒေမဲ့သတ်ဖြတ်မှု(၄၁)မှုခန့်ဖြစ်ပွား ခဲ့သည်။

## ဧပြီလ ၁ ရက်မှ ၁၅ ရက်နေ့အတွင်း တိုင်းနှင့်ပြည်နယ်အတွင်း စစ်ကောင်စီ၏လူ့အခွင့်အရေးချိုးဖောက်ခံရမှုများ




ဧပြီလ ၁ရက်နေ့မှ ၁၅ရက်နေ့အတွင်း စစ်ကောင်စီလက်အောက်ခံတပ်မ ၇၀၄တပ်နှင့် ပျူစောထီးအင်အား ၁၀၀ကျော်တို့သည် စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ် နှောကန် ကျေးရွာအတွင်းသို့ ဝင်ရောက်ကာ မီးရှို့ဖျက်စီးသောကြောင့် နေအိမ် ၁၂၄လုံး မီးလောင်ပျက်စီးကာ အသက် ၇၂နှစ်အရွယ် အဖိုးအိုတစ်ဦး မီးလောင်ဒဏ်ရာရပြီး၊ အသက် (၇၈)နှစ်အရွယ် အဖွားအိုတစ်ဦး သေဆုံးခြင်း၊ စစ်ကိုင်းမြို့နယ်၊ စဉ့်ကူရွာအုပ်စု စစ်ကိုင်းမြို့နယ် တလိုင်းရွာနှင့် အုတ်ဖိုရွာတွေကို မနက်ပိုင်းကနေ နေ့လည်ပိုင်းအထိ တနေကုန်နီးပါး ရဟတ်ယာဉ်တွေ အသုံးပြုကာ ပစ်ခတ်စီးနင်း တိုက်ခိုက်ပြီးနောက် ကျေးရွာဆေးပေးခန်း၊ ဆေးရုံ၊ ဆေးဝါးများ၊ စာသင်ကျောင်း၊ ပြည်သူပိုင်ပစ္စည်းများနှင့် ထရန်စဖော်မာတွေ အပါအဝင် နေအိမ်တွေကို အကြမ်းဖက် ဖျက်ဆီးသွားခဲ့ပြီး တလိုင်းရွာတွင် စစ်အုပ်စုမှ ပစ်ခတ်သောင်းကျန်းခဲ့သောကြောင့် ဆေးခန်းတွင် ရှိနေသည့် ဒေသခံအမျိုးသမီး သုံးဦးနဲ့ အမျိုးသား နှစ်ဦးလည်း ထိခိုက်ဒဏ်ရာရရှိခဲ့ခြင်း၊ ခင်ဦးမြို့နယ် ရွာသစ်ကျေးရွာနှင့် အင်းပတ်ကျေးရွာသို့ ရေဦးမြို့နယ်ဘက်မှ အကြမ်းဖက် စစ်တပ် တပ်ဖွဲ့ အင်အား ၆၀ ခန့်ဖြင့် စစ်ကြောင်းထိုးလာပြီး ဒေသကာကွယ်ရေးတပ်ဖွဲ့များနှင့် ထိတွေ့တိုက်ပွဲဖြစ်ပွားသည့်နောက် အကြမ်းဖက်စစ်အုပ်စုမှ လက်နက်ကြီးဖြင့် ပစ်ခတ်သောကြောင့် အင်းပတ်ကျေးရွာ နေအိမ်တစ်လုံးပေါ်သို့ ကျရောက်ပျက်စီးခဲ့ပြီး၊ သဲကုန်းကြီးကျေးရွာမှ ထွက်မပြေးနိုင်သဖြင့် ကျန်ခဲ့သည့် ဒေသခံတစ်ဦးလည်းပျောက်ဆုံးနေပြီး ခင်ဦးမြို့နယ်တွင် စစ်ကောင်စီ၏ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်မှုကြောင့် အမျိုးသမီး (၂)အမျိုးသား(၄)ဦး စုစုပေါင်း (၆)ဦးထိခိုက်ဒဏ်ရာရရှိခဲ့ခြင်း၊ အကြမ်းဖက်စစ်အုပ်စု၏ လက်နက်ကြီးပစ်ခတ်မှုကြောင့် အင်းပတ်ရွာ၊ ချမ်းသာကုန်းရွာ၊ ရွာသစ်ရွာ၊ ကုန်းသာရွာ၊ မရမ်းအင်းရွာ၊ ညောင်ပင်ခြံရွာနှင့် ဆည်ကြီးရွာများမှ ဒေသခံ သုံးထောင်ခန့် ထွက်ပြေးတိမ်းရှောင်နေကြရခြင်းတို့အပါအဝင် လူ့အခွင့်အရေး ချိုးဖောက်မှု (၃၉)ခုရှိခဲ့ပြီး တစ်နိုင်ငံလုံးတွင် လူ့အခွင့်အရေးချိုးဖောက်ခံရမှု အများဆုံးဖြစ်သည်။

# အကြမ်းဖက်စစ်ကောင်စီကပြည်သူလူထုရဲ့ တော်လှန်တဲ့စိတ်ဓာတ်ကိုလည်း မတားဆီးနိုင်သေးပါဘူး

**ဧပြီ ၁၃**

“နှစ်နှစ်တာ ကာလအတွင်းမှာ လူ့အခွင့်အရေးဆိုင်ရာ ဝန်ကြီးဌာနအနေနဲ့ လူ့အခွင့်အရေးနဲ့ သက်ဆိုင်တဲ့ အကြောင်းအရာတွေကို ကျွန်တော်တို့ ကြိုးပမ်းပြီးတော့ ဆောင်ရွက်ထားပါတယ်။ အောင်မြင်တယ်လို့ ပြောဖို့တော့ ခက်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ရဲ့ အောင်မြင်ပြီးတော့ တကယ့်ကို ကျင်းပရမယ့် အောင်ပွဲက အကြမ်းဖက်စစ်ကောင်စီ ပြုတ်ကျရေးဖြစ်ပါတယ်။ ဒါကြောင့် ဒီအထိကို မဖော်ဆောင်နိုင်ပေမယ့် ဒီအောင်ပွဲကို လှမ်းနေတဲ့ ကာလအတွင်းမှာ ကျွန်တော်တို့ လုပ်ဆောင်တဲ့ အထဲမှာ ပြည်သူလူထုကို တင်ပြလိုတဲ့ အကြောင်းအရာငါးချက် တင်ပြလိုပါတယ်။ အကြောင်းအရာ နံပါတ် (၁) ကတော့ ရိုဟင်ဂျာပြည်သူတွေနဲ့ ပတ်သက်ပြီးတော့ NUG အစိုးရက ဘယ်လိုသဘောထားသလဲ၊ ဘယ်လိုမျိုး ကိစ္စတွေ လုပ်ဆောင်မလဲဆိုတဲ့ မူဝါဒကို ချမှတ်ခဲ့တဲ့ ရိုဟင်ဂျာဆိုင်ရာ မူဝါဒ။ ဒါကို (၁) အနေနဲ့ ကျွန်တော် တင်ပြလိုပါတယ်။ နံပါတ် (၂) အနေနဲ့ကတော့ ကျွန်တော်တို့ရဲ့ NUG ကာကွယ်ရေးဝန်ကြီးဌာန အောက်မှာ ရှိနေတဲ့ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များကြားထဲမှာ လူ့အခွင့်အရေးချိုးဖောက်မှုတွေ မဖြစ်ဖို့၊ အကြမ်းဖက်စစ်ကောင်စီကို တွန်းလှန်ရင်း ကာကွယ်ရင်း တိုက်ပွဲဝင်ရင်းနဲ့ ပြည်သူလူထုအပေါ်မှာ ထိပါးစော်ကားတဲ့အရာတွေ မဖြစ်အောင် ထုတ်ပြန်ကြေညာခဲ့တဲ့ Military Code of Conduct စစ်ပွဲဆိုင်ရာ၊ စစ်တပ်ဆိုင်ရာ ကျင့်စဉ်၊ ဒါတွေကို ကျွန်တော် တင်ပြလိုပါတယ်။ နောက်ထပ် (၃) အချက်ကတော့ အာဏာသိမ်းဖို့ ကြိုးစားပေမယ့် အကြမ်းဖက်စစ်ကောင်စီက အခုအချိန်အထိ တိုင်းပြည်ကို မအုပ်ချုပ်နိုင်သေးပါဘူး။ ပြည်သူလူထုရဲ့ တော်လှန်တဲ့ စိတ်ဓာတ်ကိုလည်း မတားဆီးနိုင်သေးပါဘူး။ ဒါကြောင့်မို့လို့ နိုင်ငံတကာမှာ ကျင်းပနေတဲ့ ဒီဇင်ဘာ ၁၀ ရက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ရောက်တိုင်း ရောက်တိုင်း ၂၀၂၁ ခုနှစ်၊ ၂၀၂၂ ခုနှစ်မှာ ပြည်သူလူထုက အပြင်မထွက်ဘဲ ဆိတ်ငြိမ်သပိတ်၊ ငြိမ်သက်သပိတ်၊ အသံမထွက်သပိတ် စသည်ဖြင့် သပိတ်တွေကို ဖော်ဆောင်ခဲ့တယ်။ ပြည်သူလူထုကလည်း တစ်နိုင်ငံလုံး တက်တက်ကြွကြွ ပါဝင်မှုက ပြည်သူလူထုက အဲဒီနေ့ကို Target ခေါ်ပြီးတော့ လုပ်ဆောင်နိုင်တယ်ဆိုတဲ့ အပိုင်းကို၊ သပိတ်အင်အားစုတွေ ကျန်သောအင်အားစုတွေ ပူးပူးတွဲတွဲ လုပ်နိုင်တာပါ။ နံပါတ်(၄)အနေနဲ့ ဆိုးရွားရက်စက်လှတဲ့ စစ်ကောင်စီရဲ့ အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုတွေကို အချိန်နဲ့တပြေးညီ မြေပြင် သတင်း အချက်အလက်အမှန်ကို ရယူနိုင်ခဲ့ပြီး သတင်းစာရှင်းလင်းပွဲတွေ ပြုလုပ်နိုင်ခဲ့လို့ နိုင်ငံတကာက ဒီဖြစ်စဉ်တွေကို ဆွေးနွေးစရာ ကိုးကားစရာ အဖြစ်သိရှိအောင် ဖော်ပြနိုင်ခဲ့ပါတယ်။ နောက်ဆုံးအချက် နံပါတ်(၅)ကတော့ ကုလသမဂ္ဂ (၅၂)ကြိမ်မြောက် လုံခြုံရေးကောင်စီညီလာခံရဲ့ ဆုံးဖြတ်ချက်မှာ အကြမ်းဖက်စစ်ကောင်စီကို အမြင့်မားဆုံး၊ အပြင်းထန်ဆုံး စစ်ကောင်စီကို ရှုတ်ချတဲ့ ကြေငြာချက် ဖြစ်ခဲ့ပါတယ်။”

**- ဦးအောင်မျိုးမင်း၊ ပြည်ထောင်စုဝန်ကြီး၊ လူ့အခွင့်အရေးဆိုင်ရာ ဝန်ကြီးဌာန၊ အမျိုးသားညီညွတ်ရေးအစိုးရ (NUG ရဲ့ လူ့အခွင့်အရေးနယ်ပယ် စွမ်းဆောင်ရည်ဆိုင်ရာ အကဲဖြတ်ချက် | Human Rights Barometer - Episode 11 ကောက်နုတ်ချက်) (ယင်းအစီအစဉ်အား ဝန်ကြီးဌာနနှင့် မဇ္ဈိမသတင်းဌာနတို့ ပူးပေါင်းကာ နှစ်ပတ်တစ်ကြိမ် ထုတ်လွှင့်နေခြင်း ဖြစ်သည်။)**

**“နှစ်သစ်မှာ အဆိုးတွေကို အကောင်းအဖြစ်ပြောင်းပြီး အာဏာရှင်ကိုမောင်းထုတ်နိုင်ကြဖို့... ဆတက်ထမ်းပိုး ကြိုးစားကြပါစို့...”**

**- ဦးအောင်မျိုးမင်း (ပြည်ထောင်စုဝန်ကြီး၊ လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန)**

# ပြည်သူများ လူ့အခွင့်အရေးချိုးဖောက်ခံရမှုများအတွက် CRPH လုံ/ကာကော်မတီ၌ ဆွေးနွေး

ဧပြီ ၆



အကြမ်းဖက်စစ်ကောင်စီက နိုင်ငံအတွင်းရှိ ပြည်သူများအပေါ် ကျူးလွန်နေသည့် လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် ပတ်သက်၍ ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီ - CRPH ၏ လုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာ (လုံ/ကာ) ကော်မတီ နှင့် အမျိုးသားညီညွတ်ရေးအစိုးရ – NUG ၊ လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာနတို့အကြား ဧပြီလ ၅ ရက်က တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။

လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မျိုးမင်းကိုယ်တိုင် တက်ရောက်သည့် ယင်းအစည်းအဝေး၌ ဝန်ကြီးဌာနဘက်မှ ဝန်ကြီးဌာန ဖွဲ့စည်းပုံနှင့် ဖွဲ့စည်းခြင်း ရည်ရွယ်ချက်၊ မဟာဗျူဟာနှင့် လုပ်ငန်းဆောင်ရွက်ချက်များအား ရှင်းလင်းဆွေးနွေးခဲ့သည်။

ယင်းအစည်းအဝေသို့ လုံ/ကာ ကော်မတီဥက္ကဋ္ဌ ဦးဇေလတ်နှင့် အဖွဲ့ဝင်များ၊ ဝန်ကြီးဌာနဘက်မှ အမြဲတမ်းအတွင်းဝန် (၁) (၂) နှင့် ရုံးအဖွဲ့ဝင်များ တက်ရောက်ခဲ့ကာ ဝန်ကြီးဌာန ရှင်းလင်းချက်အပေါ် ကော်မတီဝင်များက မေးခွန်းများ မေးမြန်းခြင်း၊ အကြံပြုဆွေးနွေးခြင်းများ လုပ်ဆောင်ခဲ့သည်။

ဝန်ကြီး၏ တင်ပြဆွေးနွေးမှုများ၌ စစ်ကောင်စီ၏ အစုအပြုံလိုက် သတ်ဖြတ်မှုများ ဖြစ်သည့် ကယားပြည်နယ် ဖရူဆိုမြို့နယ် ပြည်သူများ သတ်ဖြတ်ခံရမှု၊ ရှမ်းပြည်တောင်ပိုင်း နမ်းနိမ့်ကျေးရွာ၌ ရဟန်းသံဃာအပါဝင် အရပ်သားများ သတ်ဖြတ်ခံရမှု၊ စစ်ကိုင်းတိုင်း တာတိုင်ကျေးရွာ၌ အမျိုးသမီး သုံးဦး အဓမ္မပြုကျင့် သတ်ဖြတ်ခံရမှုအပါအဝင် ပြည်သူ ၁၇ ဦး သတ်ဖြတ်ခံရမှု၊ စစ်ကိုင်းတိုင်း၊ ဒီပဲယင်းမြို့နယ်၊ လက်ယက်ကုန်းကျေးရွာ စာသင်ကျောင်းနှင့် ကချင်ပြည်နယ် အနန့်ပါ၌ ပြည်သူအများအပြား သေဆုံးသည့် ဗုံးကြဲတိုက်ခိုက်မှု အပါအဝင် ပြစ်မှုကျူးလွန်သူများ အပါအဝင် ပါဝင်ပတ်သက်သူ အားလုံးအား အပြစ်ပေးအရေးယူနိုင်ရေးနှင့် ပြည်သူများအား အကာအကွယ်ပေးနိုင်ရေးအတွက် CRPH နှင့် နှစ်ဘက်ပူးပေါင်း ဆောင်ရွက်နိုင်မည့် ကဏ္ဍများကိုလည်း အပြန်အလှန်ဆွေးနွေး ခဲ့သည်။

**"စစ်အာဏာရှင်ကို နေရာအသီးသီးကနေ နည်းမျိုးစုံနဲ့ဆန့်ကျင် တော်လှန်နေကြသော တော်လှန်ရေး အင်အားစုများနဲ့ ဖိနှိပ်ခံ ပြည်သူတွေအားလုံး "Happy Easter!" လို့ နှုတ်ဆက်ပါရစေ။ အမှန်တရား ဘက်တော်သားများအားလုံး ဘေးကင်းပါစေ။ ဘုရားသခင်စောင့်ရှောက်ပါစေ။ အောင်ပွဲများရပြီး ချစ်သူခင်သူများနဲ့အတူ နှစ်သိမ့်မှု၊ ငြိမ်းချမ်းမှု ခံစားရပါစေ။ စိတ်ရောကိုယ်ပါ ကျန်းမာချမ်းသာခွင့်ကို အမြန်ဆုံးပြန်လည် ရရှိကြပါစေ"**

- ဦးအောင်မျိုးမင်း (ပြည်ထောင်စုဝန်ကြီး၊ လူ့အခွင့်အရေး ဆိုင်ရာဝန်ကြီးဌာန)

# “ကျောင်းကိုတည်ပြီးပစ်တာဆိုတော့ ကျောင်းပိတ်ချိန်မဟုတ်ခဲ့ရင် အများကြီးသေမှာ”

**ချင်းပြည်နယ်၊ ဖလမ်းမြို့နယ်၊ ဝေဘူလမြို့အား အကြမ်းဖက်စစ်ကောင်စီက အရပ်သားများအပေါ်ပစ်မှတ်ထား လေကြောင်းတိုက်ခိုက်မှုနှင့် ပတ်သက်၍ ချင်းအမျိုးသားအဖွဲ့ချုပ်/ချင်းအမျိုးသားကာကွယ်ရေးတပ်ဖွဲ့ - CNO-CNDF ပြောရေးဆိုခွင့်ရှိသူ Cung Ngai – ကျုံးငိုင်နှင့် ပြည်သူ့ကျန်းမာရေးလုပ်ငန်းများ၌ ကူညီလုပ်ကိုင်နေသည့် CDM ကထိကဆရာမ ဒေါ်ရတီအုန်းတို့အား ဆက်သွယ်မေးမြန်းထားခြင်း**

ချင်းပြည်နယ်၊ ဖလမ်းမြို့နယ်၊ ဝေဘူလမြို့သစ်ရှိ ကျောင်းဝန်းအား ပစ်မှတ်ထား၍ အကြမ်းဖက်စစ် ကောင်စီက ဧပြီလ ၁၀ ရက်က လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်ခဲ့ရာ အနည်းဆုံးလူ(၈)ဦး ထိခိုက်သေဆုံးခဲ့ကာ ကျောင်းဝန်းအတွင်းရှိ လိုင်းခန်းများလည်း ပျက်စီးခဲ့သည်။

ချင်းပြည်နယ်အတွင်းရှိ ဗာရ်းစခန်းအား စစ်အာဏာရှင်ဆန့်ကျင်ရေး တော်လှန်ရေးအင်အားစုများက တိုက်ခိုက်ခဲ့ရာ စစ်ကောင်စီဘက်က ယင်းနေ့တွင် အဆိုပါ စခန်းအား သုံးကြိမ်တိုင်တိုင် ဗုံးကြဲတိုက်ခိုက်ပြီးနောက် စစ်ရေးပဋိပက္ခများနှင့် မဆက်စပ်သည့် ဝေဘူလမြို့သစ်ရှိ ပြည်သူများအား ရည်ရွယ်ချက်ရှိရှိ ဗုံးကြဲတိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်။ အိမ်ခြေ ၂၀၀ ခန့်ရှိ ဝေဘူလမြို့သစ်သို့ ကြဲချခဲ့သည့် ဗုံးမှာ ကျောင်းဝန်းအတွင်းသို့ တိုက်ရိုက်ကျခဲ့သဖြင့် ကျောင်းလိုင်းခန်း နှစ်လုံးအပါအဝင် လူနေအိမ် သုံးလုံး ပျက်စီးခဲ့ရသည်။

ယင်းနေ့တွင်ပင် အကြမ်းဖက်စစ်ကောင်စီက ရမ်ထလိုကျေးရွာကိုလည်း ဗုံးကြဲတိုက်ခိုက်ခဲ့သော်လည်းကျေးရွာရှိ ပြည်သူများမှာ စစ်ရှောင်နေကြရသည့်အတွက် အသေအပျောက် မရှိခဲ့ခြင်းဖြစ်သည်။

“မနေ့ကတုန်းကတော့ ရာဇဂြိုလ်တို့၊ ချမ်းသာကြီးတို့ဘက်မှာတော့ တိုက်ပွဲရှိတယ်။ တိုက်ပွဲရှိတဲ့အခါကျတော့ ဒါပေမဲ့လည်း ဝေးပါတယ်။ ကျွန်တော်ကတော့ အကြောင်းမဲ့ပစ်ခတ်တာ၊ ပြီးတော့ ကျောင်းကို တည်ပြီး ပစ်တာဆိုတော့ အစုလိုက်အပြုံလိုက် တကယ်ဆိုရင် ကလေးတွေ ကျောင်းပိတ်ချိန် မဟုတ်ခဲ့ရင် အများကြီး သေမှာပါ။ ဒီ့ထက် ပိုပြီးတော့ သေမှာ။ အကြောင်းမဲ့ အစုလိုက်အပြုံလိုက် သတ်တယ်လို့ပဲ ထင်ပါတယ်။ အခုလောလောဆယ်တော့ (၉) ဦးက ဗုံးဒဏ်ကြောင့် ဆုံးသွားတယ် ကြားပါတယ်။ တစ်ခုရှိတာက (၈) ဦး နာမည်ပဲရှိသေးတာ၊ (၁) ဦးနာမည်က ပျောက်နေပါသေးတယ်။ ဒါပေမဲ့ ဝေဘူလတစ်ခုတည်း မဟုတ်ဘူး။ ညနေပိုင်းမှာ ဒီရမ်ထလိုကျေးရွာကိုလည်း သူတို့ ထပ်ချပါတယ်” - **Cung Ngai – ကျုံးငိုင် (ပြောရေးဆိုခွင့်ရှိသူ - CNO-CNDF)**

“EROs အားကောင်းတယ်လို့ ယူဆတဲ့ ချင်းပြည်နယ်ကို ရက်ရက်စက်စက်နှိပ်ကွက်ပြမဲ့ ပုံစံမျိုး၊ ဘာမှအပြစ်မရှိတဲ့ မိသားစုနေအိမ်၊ စာသင်ကျောင်းကို လက်နက်ကြီးနဲ့ ထုတယ်၊ နောက်ဒီကိုလည်း ထုတယ်။ ဒီနားက အိမ်တန်းတွေ အကုန်လုံးက ထိခိုက်ဒဏ်ရာ ရရှိခဲ့တယ်။ ဒီပြည်သူတွေမှာ ဘာအပြစ်မှ မရှိပါဘူး။ EROs တွေက တော်လှန်ရေးတွေမှာ ပူးပေါင်းမယ်လို့ ပြောရုံနဲ့ ဒီလိုလုပ်စရာ ဘာအကြောင်းရင်းမှ မရှိပါဘူး။ ရိုးသားလှတဲ့ ပြည်သူတွေမှာ ချင်းလူမျိုး ခရစ်ယာန်ဘာသာဝင်အများအကြီးထဲမှာ ကျွန်မက ဗမာ ဗုဒ္ဓဘာသာ။ ဒါပေမဲ့ ကျွန်မတို့က အတူတူခံစားရပါတယ်။ ဒီအတွက်ကြောင့် ကျွန်မတို့က နိုင်ငံတကာကို အကူအညီတောင်းပါတယ်” - **ဒေါ်ရတီအုန်း (အကြမ်းမဖက် အာဏာရှင်ဆန့်ကျင်ရေးလှုပ်ရှားမှု - CDM ပြုလုပ်ထားသူ ကလေးမြို့၊ စက်မှုသိပ္ပံ၊ အင်ဂျင်နီယာဌာနဌာနမှူး ကထိကဆရာမ)**

## စစ်တပ်အာဏာသိမ်းမှုကြောင့် ဖြစ်တည်လာသည့် ကိန်းဂဏန်းများ

### ၃,၄၀၈ + ၂၁,၄၀၃

အကြမ်းဖက်စစ်တပ်၏ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက် မတရားအာဏာလုယူမှု ဖြစ်စဉ်အား ဆန့်ကျင်ခဲ့သည့် နွေဦးတော်လှန်ရေး ကာလအတွင်း ဒီမိုကရေစီရေး လှုပ်ရှားသူနှင့် ပြည်သူစုစုပေါင်း ၃,၄၀၈ ဦးအထိ ရှိလာပြီ ဖြစ်သည်။ ထို့ပြင် ၂၀၂၃ ခုနှစ် ဧပြီ ၁၈ ရက်အထိ ဖမ်းဆီးထိန်းသိမ်း ခံရသူပေါင်း ၂၁,၄၀၃ ဦးအထိ ရှိကာ ၎င်းအနက် ၅,၆၀၁

ဦးမှာ စစ်ကောင်စီလက်အောက်ခံ တရားရုံးများ၏ မတရားထောင်ဒဏ်ချမှတ်ခြင်းများ ခံထားရသည်။

## ၁၅၁ - ၄၂

စစ်တပ်အာဏာသိမ်းမှုနှင့် အာဏာရှင်စနစ် ဆန့်ကျင်ရေး နွေဦးတော်လှန်ရေး၌ ပါဝင်မှုဖြင့် ၂၀၂၃ ခုနှစ် ဧပြီလ ၁၈ ရက်အထိ အကြမ်းဖက် စစ်ကောင်စီ၏ သေဒဏ်ချမှတ်ခံရသူပေါင်း ၁၅၁ ဦးအထိ ရှိပြီ ဖြစ်သည်။ ယင်းအနက် ၁၂၁ ဦးမှာ မျက်ကွယ်သေဒဏ် ချမှတ်ခံရခြင်း ဖြစ်ကာ လက်တွေ့ကွပ်မျက်ခံခဲ့ရသူ ၄၂ ဦး ရှိသည်။ နိုင်ငံတစ်ဝန်း အကျဉ်းထောင်များ၌ သေဒဏ်ဖြင့် ဆက်လက်ထိန်းခံထားရသူ ၁၀၉ ဦးအထိ ရှိသည်။

## ၁၀၀ + ပဇီကြီး

စစ်ကိုင်းတိုင်း၊ ကန့်ဘလူမြို့နယ်၊ ပဇီကြီးကျေးရွာ အား ဧပြီလ ၁၁ ရက်က စစ်ကောင်စီ၏ အနောက် မြောက်တိုင်းစစ်ဌာနချုပ် လက်အောက်ခံတပ်မှ YAK-130 တိုက်လေယာဉ်နှင့် Mi-35 ရဟတ်ယာဉ် တို့ဖြင့် လေကြောင်းမှ တိုက်ခိုက်ခဲ့သဖြင့် ဒီမိုကရေစီ အရေးလှုပ်ရှားသူများနှင့် အရပ်သားပြည်သူ ရာနှင့်ချီ သေဆုံးခဲ့သည်။

## ကလေးတော်လှန်သကြ်ံန် - ၄

စစ်ကိုင်းတိုင်း၊ ကလေးမြို့၊ တပ်ဦးသီတာရပ်ကွက်၊ ဗိုလ်ချုပ်လမ်းပေါ်၌ စစ်အာဏာရှင်စနစ် အပြီးတိုင် ပျက်သုန်းရေး တော်လှန်သကြ်ံန်ပြုလုပ်သည့် သပိတ်အဖွဲ့ဝင်လေးဦးအား အကြမ်းဖက်စစ်အုပ်စု တပ်ဖွဲ့ဝင်များက ဧပြီလ ၁၆ ရက်တွင် ဖမ်းဆီးသွား သည်။ ဖမ်းဆီးခံရသူများမှာ မကျောင်ဒိတ်ကင်၊ မနှင်းစံ၊ ကိုသန်းစိုးဦးနှင့် ကိုမျိုးကိုဝင်းတို့ ဖြစ်သည်။

## ၃၁၃၃ - နိုင်ကျဉ်း ၂

အကြမ်းဖက်စစ်အုပ်စု မြန်မာ့နှစ်ဆန်း တစ်ရက်နေ့က နိုင်ငံတစ်ဝန်းရှိ အကျဉ်းထောင်များမှ အကျဉ်းသား ၃၁၁၃ ဦးအား ရာဇဝတ် ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁ (၁) ခံဝန်ကတိဖြင့် လွှတ်ပေးခဲ့ရာ နိုင်ငံရေး အကျဉ်းသား နှစ်ဦးသာ ပါဝင်သည်။

## ရှမ်း/ကယား (၂ လ - သုံးဆ)

အကြမ်းဖက်စစ်တပ်က ခုခံမှုအားကောင်းသည့် ရှမ်းနှင့် ကယားပြည်နယ်အတွင်းရှိ ဒေသများ အတွင်း အာဏာသိမ်းမှု နှစ်နှစ်ပြည့်ပြီးချိန်၌ စစ်အုပ်ချုပ်ရေး ထပ်မံကြေညာပြီးနောက် ထိုးစစ် ဆင်မှုများ ဆက်တိုက်လုပ်ဆောင်လျက်ရှိရာ ကြေညာပြီး နှစ်လအတွင်း တိုက်ပွဲဖြစ်ပွားမှု သုံးဆကျော် မြင့်တက်လာခဲ့သည်။ စစ်ကောင်စီက ယင်းဒေသများအပြင် ကရင်၊ စစ်ကိုင်းနှင့် ချင်း ပြည်နယ်တို့လည်း စစ်ရေးပဋိပက္ခများ ပိုမိုပြင်းထန် လာကာ စစ်ကောင်စီမှ လေကြောင်းသုံး တိုက်ခိုက် မှုများ ပိုမိုပြုလုပ်လာလျက် ရှိသည်။

**ကိုးကား - AAPP, ISP Data**

